NLTA
NYAN LYNN THIT ANALYTICA

# မြင်ကွင်း - စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ

**ကျား**

၁၃ ဒဏ်ရာရ ၁၀ သေဆုံး

**မ**

၈ ဒဏ်ရာရ ၃ သေဆုံး

**ကလေး**


၁ ဒဏ်ရာရ ၄ သေဆုံး

**ကျား/မ မသိရ**

၁၇ ဒဏ်ရာရ

**စုစုပေါင်း**

၃၈ ဒဏ်ရာရ ၂၇ သေဆုံး



၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ဇန်နဝါရီလ ၁ ရက်နေ့အတွင်း အရပ်သားပြည်သူများကို ပစ်မှတ်ထားသည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများသည် ဒေသ ၇ ခုတွင် ဖြစ်စဉ် ၂၅ ခု ရှိခဲ့ပါသည်။ အနည်းဆုံး အရပ်သားပြည်သူ ၂၇ ဦး သေဆုံးခဲ့ပြီး ၃၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည်တော်လှန်ရေးအင်အားစုများကို ပစ်မှတ်ထား၍လည်းကောင်း၊ ထိတွေ့တိုက်ပွဲများအတွင်းလည်းကောင်း လေကြောင်းအသုံးပြုတိုက်ခိုက်သည့် ဖြစ်စဉ်စုစုပေါင်း ၃၂ ခု ရှိခဲ့သည်။ စစ်အုပ်စုသည် လေကြောင်းမှဗုံးကြဲတိုက်ခိုက်ရာတွင် တရုတ်နိုင်ငံထုတ် Y-12 အမျိုးအစားထောက်ပို့ယာဉ်များ၊ Mi-35 ရဟတ်ယာဉ်များ၊ Yak-130၊ SU-30 နှင့် MIG-29 ဂျက်ဖိုက်တာများကို အဓိကအသုံးပြုတိုက်ခိုက်လျက်ရှိပါသည်။


လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် အရေအတွက် ၁ ၄

အစီရင်ခံကာလ: ၂၆ ဒီဇင်ဘာ ၂၀၂၅ - ၁ ဇန်နဝါရီ ၂၀၂၆

NLTA
NYAN LYNN THIT ANALYTICA

# ၂
## ဘာသာရေးအဆောက်အဦ


ယခုအစီရင်ခံကာလအတွင်း အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် အရေအတွက်နှင့်အရပ်သားထိခိုက်သေဆုံးမှုများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်လာသည်ကို တွေ့ရသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အတွင်း စစ်အုပ်စု၏ အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များအနက် စစ်ကိုင်း၊ မကွေး၊ ရခိုင်နှင့် ချင်းဒေသများတွင် အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ချင်းဒေသတွင် ခရစ်ယာန်ဘုရားကျောင်း ၁ ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။




ထုတ်ဝေသည့်ရက်စွဲ : ဇန်နဝါရီလ ၂ ရက်နေ့ ၂၀၂၆

NLTA
NYAN LYNN THIT ANALYTICA

# စစ်ကိုင်းဒေသ




**၁၁** စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် အရေအတွက်




စစ်ကိုင်းဒေသ ဗန်းမောက်၊ ဘုတလင်၊ ကသာ၊ ခင်ဦး၊ ကျွန်းလှ၊ ဝက်လက်နှင့် ဒီပဲယင်းမြို့နယ်များတွင် စစ်အုပ်စုသည် အရပ်သားများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၁၁ ခု ကျူးလွန်ခဲ့သည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စစ်အုပ်စုသည် ခင်ဦးမြို့နယ် တနေရာအား လေကြောင်းမှ ဂျက်ဖိုက်တာ၊ MI 35 ရဟတ်ယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ အမျိုးသား ၆ ဦး၊ အမျိုးသမီး ၃ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် စစ်အုပ်စုသည် ဝက်လက်မြို့နယ်ရှိ ကျေးရွာ ၁ ရွာအား ဂျက်ဖိုက်တာဖြင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ အမျိုးသမီး ၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၃ ဦး တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**သေဆုံး** ကျား ၈ မ ၅

**ဒဏ်ရာရ** ကျား ၃ မ ၄ အမည်မသိ ၄

အစီရင်ခံကာလ: ၂၆ ဒီဇင်ဘာ ၂၀၂၅ - ၁ ဇန်နဝါရီ ၂၀၂၆

# မကွေးဒေသ








မကွေးဒေသရှိ မြိုင်၊ စလင်းနှင့် ပေါက်မြို့နယ်တို့တွင် စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု ၅ ကြိမ် ကျူးလွန်ခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်အုပ်စုသည် မြိုင်မြို့နယ် ကျေးရွာ ၁ ရွာအား လေကြောင်းမှ ဂျက်ဖိုက်တာဖြင့် ပေါင် ၅၀၀ ဗုံး ၂ လုံး ကြဲချတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ အမျိုးသမီး ၂ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အရပ်သားနေအိမ် ၃ လုံး ထိခိုက်ပျက်စီးခဲ့သည်။

**သေဆုံး** မ ၂

**ဒဏ်ရာရ** အမည်မသိ ၄

ထုတ်ဝေသည့်ရက်စွဲ : ဇန်နဝါရီလ ၂ ရက်နေ့ ၂၀၂၆


# ရခိုင်ဒေသ








ရခိုင်ဒေသ မောင်တောနှင့် သံတွဲမြို့နယ်တို့တွင် စစ်အုပ်စုက အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ် ၃ ခု ဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် စစ်အုပ်စုသည် သံတွဲမြို့နယ်ရှိ ရပ်ကွက် ၂ ခုအား လေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၂ လုံး ကြဲချတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ အမျိုးသား ၂ ဦး၊ အမျိုးသမီး ၃ ဦးနှင့် ကလေး ၄ ဦး တို့ သေဆုံးခဲ့ပြီး အရပ်သားပြည်သူ အမျိုးသား ၉ ဦး၊ အမျိုးသမီး ၄ ဦးနှင့် ကလေး ၁ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုမှ အရပ်သားနေအိမ် ၂၃ လုံး ထိခိုက်ပျက်စီးခဲ့သည်။



# ချင်းဒေသ




**၃** စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ် အရေအတွက်



ချင်းဒေသရှိ ဖလမ်းနှင့် ကန်ပက်လက်မြို့နယ်တို့တွင် စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၃ ခု ကျူးလွန်ခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စစ်အုပ်စုသည် ဖလမ်းမြို့နယ်ရှိ ကျေးရွာ ၁ ရွာအား ဂျက်ဖိုက်တာဖြင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားနေအိမ် ၂၀ လုံးနှင့် ဘုရားကျောင်း ၁ ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။

ထုတ်ဝေသည့်ရက်စွဲ : ဇန်နဝါရီလ ၂ ရက်နေ့ ၂၀၂၆

NLTA
NYAN LYNN THIT ANALYTICA

# သုတေသနနည်းနာ

စစ်အုပ်စုမှကျူးလွန်သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေး အဆောက်အဦးများ ပျက်စီးဆုံးရှုံးခဲ့မှုများကို လေ့လာစောင့်ကြည့်ထားခြင်း ဖြစ်သည်။ တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သော သတင်းမီဒီယာ စုစုပေါင်း ၄၃ ခု၏ လူမှုကွန်ယက်စာမျက်နှာများနှင့် သတင်းစာမျက်နှာများမှ ကောက်ယူထားခြင်းဖြစ်သည်။

ဂျက်ဖိုက်တာများ၊ ရဟတ်ယာဉ်များအသုံးပြုပြီး ဗုံးကြဲခြင်း၊ ဒုံးကျည်၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ်များအဖြစ် သတ်မှတ်ပါသည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များကို ရေတွက်ရာတွင် တရက်အတွင်း နေရာ ၁ ခုကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်လျှင် ဖြစ်စဉ် ၁ ခုဖြစ်ပြီး တရက်အတွင်း နေရာ ၂ ခုကို တိုက်ခိုက်ပါက ဖြစ်စဉ် ၂ ခု အဖြစ် သတ်မှတ်သည်။ သို့သော် လေကြောင်းတိုက်ခိုက်မှုသည် တူညီသော ယာဉ်များမှ အနီးအနားရှိ နေရာများကို တပြိုင်နက် တဆက်တည်းတိုက်ခိုက်မှုဖြစ်ပါက ဖြစ်စဉ် ၁ ခု အဖြစ် ရေတွက်ပါသည်။ ဖြစ်စဉ်တခုအတွင်းမှ လေကြောင်းတိုက်ခိုက်မှု အကြိမ်အရေအတွက်ကို ရေတွက်ရာတွင် လေ့လာစောင့်ကြည့်သည့် လူမှုကွန်ယက်စာမျက်နှာများနှင့် သတင်းစာမျက်နှာများ၏ သတင်းထုတ်ပြန်မှုတွင် လေကြောင်းတိုက်ခိုက်မှုအရေအတွက်ကို ဖော်ပြထားခြင်းမရှိပါက ၁ ကြိမ်ဟု သတ်မှတ်ကောက်ယူသည်။ ပရဝဏ်တခုအတွင်းရှိ ဘာသာရေးအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ ထိခိုက်ပျက်စီးပါက အဆောက်အဦး ၁ ခု ထိခိုက်မှုအဖြစ် သတ်မှတ်ကောက်ယူပါသည်။

စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များကို ကောက်ယူရာတွင် လွတ်လပ်သော သတင်းမီဒီယာ စုစုပေါင်း ၄၃ ခု ၏ လူမှုကွန်ယက်စာမျက်နှာများနှင့် သတင်းစာမျက်နှာများမှ ကောက်ယူထားခြင်း ဖြစ်သည့်အတွက် မြေပြင်နှင့် ကွာခြားမှု အနည်းငယ်ရှိနိုင်ပြီး မြေပြင်တွင် ပိုမိုများပြားနိုင်ပါသည်။ သုတေသနနည်းနာသည် အတည်ပြုနိုင်သည့် အချက်အလက်များကိုသာ ထည့်သွင်းရေတွက်ထားခြင်း ဖြစ်သည့်အတွက် ထပ်မံအတည်ပြုနိုင်သည့် အချက်အလက်များရှိပါက အခြားအစီရင်ခံစာများတွင် ပြန်လည်ထည့် သွင်းဖော်ပြသွားမည် ဖြစ်သည်။

**အစီရင်ခံကာလ: ၂၆ ဒီဇင်ဘာ ၂၀၂၅ - ၁ ဇန်နဝါရီ ၂၀၂၆**